ပထမတွဲ နိဒါန်း

ကာလီဒါသ ဆိုလျှင် မြန်မာ တစ်မျိုးလုံး သိကြသည်ဟု ယုံကြည်မိပါသည်။ သို့ရာတွင် ကာလီဒါသကို သိသော အသိချင်း တူကြမည်ဟုၚါကား မထင်မိပေ။ စာရေးသူတို့ ငယ်ဌာန ကာလီဒါသကို ကာမသျှယ်ဟု ဆရာကြီးဟု အသိအမှတ် ပြုခဲ့ကြ၏။ အရှေ့ရောက်၌ စာဖတ် ပါသနာပါလာသောအစိုးရ၌ ကာလီဒါသ အမည်နာနှင့်တွဲလျက် "သကုဏ္ဍာလ" "မေယသုတ" ဟူသော စကားကို မကြားဧကာ တွေ့ရှိ သတိပြုမိပေသည်။ ဤသည်ရှေ့စာဆုပ်တွင် ဟူ၍မှကား မမှတ်မိတော့ပေ။ သို့ရာတွင် အနီးဆုံး ဆက်စပ်၍ ထွေးကြည်သောအခါ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ထွက်ခဲ့ဖူးသော ၁၇မ၀ရှစ်ကြိုး၌ တွေ့ဖူးသည်ဟု ဗိုလ်ပါ ထင်မိပေသည်။

တစ်ဖန် လွန်ခဲ့သော ၁၀ နှစ်ဓနိုက ကုလားရပ်ရှင်တစ်ခု နာမည်ကြီးလှချ သွားရောက်ကြည့်ခဲ့ဖူးလေသည်။ ဇာတ်ထုတ်ကား "သကုဏ္ဍာလ" ဇာတ်ဖြစ်၍ အရပ် လုကြိုက်များသောဇာတ်ကား ဖြစ်ပေ၏။ ထိုအကြိမ်တွင် စာရေးသူ၏ အာရုံ၌ ရှေးယခင်က အမှတ်မထင် မှတ်သားမိခဲ့သော ကာလီဒါသနှင့် သကုဏ္ဍာလကို ပြန်လည်၍ သတိပြုမိပေသည်။ ဤအကြိမ် သတိမူခြင်းကား ရေးကဗျာကဲ့သို့ မဟုတ်တော့ရေ။

ယင်းသို့ ကမ္ဘာကျော်သော ပြုဇာတ်ကြီးများနှင့် ကဗျာကျမ်းကြီးများကို ရေးသူဆိုလျှင် ကာလီဒါသသည် ကာမသျှတ္တရ ဆရာကြီး ဖြစ်သင့်သလော ဟူသော အတွေးများ ဝင်စပ်ပြလာပေသည်။ သတိနှင့် မှတ်သားရန်လည်း ဆုံးဖြတ်မိပေသည်။ ထိုမှတစ်ပါး- ကာလီဒါသ အမည်နှင့် ဆက်စပ်မှုရှိသော စာဆုပ်စာတမ်းမှန်သမျှ စုဆောင်းဖူးမျှ၍ မြန်မာဘာသာဖြင့် စာတင်ခဲ့လိုသော ဆန္ဒများလည်း တမွားမှား ပေါ်ပေါက်လေသည်။

ဆန္ဒ၏ ပြင်းထန်သော တောင်းဆိုမှုသည် ယခုအခါ အောင်မြင်ရှိလာပေ၏။ ယင်းသို့ ကာလီဒါသနှင့် စပ်လျဉ်းသမျှသော အကြောင်းအရာတို့ကို စုံစမ်းရှာဖွေရန် ပေါ်ပေါက်လာသော အခွင့်အလမ်းကား ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ၌ အပြေးခဲ့ပေ၏။ မည်သို့နည်းဟူမူ ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ အရပ်ရှိ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ အိန္ဒိယပြည် မဒရပ်ဖြို့တော်၌ ကုလသမဂ္ဂ ပညာနှင့် ယဉ်ကျေးမှု အဖွဲ့၏ စာအုပ်ထုတ်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကြီး (Seminar on Book Promotion and Distribution by UNESCO Regional Council) ကျင်းပလေသည်။ ထိုဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်၏ ကိုယ်စားလှယ်များ အဖြစ် စာပေဗိမာန် ဘာသာပြန်အသင်းမှ ဦးဗိုး (အမ်ဆေ)၊ နိုင်ငံတော်အစိုးရ ယဉ်ကျေးမှု ဝန်ကြီးဌာန နိုင်ငံတော် စာကြည့်တိုက်မှုများ ဦးသန်းထွန်(ယခုအခါ ယဉ်ကျေးမှုဌာန ညွှန်ကြားရေးဝန်)၊ မခင်တင့်၊ စာပေတိုက်မန်နေဂျာ ဦးကိုကြီးနှင့် စာရေးသူ အပါအဝင် ကိုယ်စားလှယ် ၄ ဦးတို့ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြလေသည်။

ရက်ပေါင်း နှစ်ဆယ်ကျော် ကျင်းပနေသည့်အတွင်း ဓနေ၊ တနင်္ဂနွေနှင့် ကြားရက် အားလပ်ချိန်တို့၌ ဘုရင်ခံမှအစ မြို့ပေါ်ရှိ ထင်ရှားသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်း အသီးသီးတို့က ဖိတ်ကြားချိ ရည်ခံသော ပွဲအမျိုးမျိုးသည်း ခေတ္တကမ်းကျက် တက်ရောက်ကြရလေသည်။ ထိုသို့သော ရည်ခံပွဲများအနက် ဒီဇင်ဘာလ ၂ ရက်နေ့ညနေတွင် မဒရပ်ဖြို့ ကျင်းမယ် ကျောင်းမှ ကျောင်းဆုပ်ဆရာမကြီး မစ္စနရာဝတီ (Miss Irawaddy) ၏ ဖိတ်ကြားသော ရည်ခံပွဲလည်း ပါလေသည်။ ထိုကျောင်း၌ ကျင်းပသော ညနေခေတားပွဲကို တက်ရောက်ကြလေသည်။

(ထိုဆရာမကြီး မစ္စနရာဝတီ (Miss Irawaddy) မှာ ရန်ကုန်တက္ကသိုလ် ကျောင်းထွက် ဖြစ်၍ ဦးဗိုးနှင့် ကျောင်းနေဘက် ဖြစ်လေသည်) ထိုညနေစာ စားပွဲတွင် ၎င်း၏ ကျောင်းသူများ၊ ကပြသော သကုဏ္ဍာလ ပြဇာတ်ကို ကြည့်ခဲ့ရပြန်လေသည်။ ထို အကြိမ်ပ၌မူကား စာရေးသူ၏ အထက်က ဖော်ပြခဲ့သော ကာလီဒါသ စာပေများ၊ ရှာဖွေလိုစိတ် ပိုမိုပြင်းထန်လာရုံမျှမက အဓေ အနေကလည်း ပေးလာပေတော့ရာ ထိုညမှာပင် စာအုပ် ရှာဖွေရေးနှင့် ပတ်သက်၍ ဦးသန်းထွဋ်နှင့် ဦးဗိုးတို့အား တိုင်ပင်ရပေတော့သည်။

နောက်တစ်နေ့တွင် ဟေပင်ဘို့သမိ စာအုပ်တိုက်၊ မဏ္ဍမလိန် စာအုပ်တိုက် အစရှိသည်တို့ကို အပြေးအလွှား သွားရ၍ ရှာဖွေရာ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်အချို့ ရရှိခဲ့လေသည်။ သို့ရာတွင် အင်္ဂလိပ်စာပေဖြင့် တွေ့ရှိရသော စာအုပ်တို့မှာ အများ အားဖြင့် ဝေဖန်စာများသာလျှင် ဖြစ်ကြပေရကား ဟင်ဒီဘာသာနှင့် တမိလ်ဘာသာ စာအုပ်များကို စုဆောင်းရန်အကြံ ဖြစ်ပေါ် လာပြန်လေသည်။ သို့နှင့် ဗာရာဏသီမှ ကိုယ်တားလှယ် မခွတာ ဘယ်ရီ (Mr. K. C. Beri)၊ ဘုံဘိုင်မှ မခွတာ ဘတ်ကဲလ် (Mr. S. Bhatkal M.A., L.I.B.)၊ မဒရပ်ဖြို့မှ ကိုယ်တားလှယ် မခွတာ ဆန်ကရာနာရယနမ် (Mr. N. Sankaranarayanam) နှင့် အိန္ဒိယ တောင်ပိုင်း စာအုပ်အသင်းကြီးမှ မခွတာ သမ်ဘား (Mr. S. K. Thamba) တို့အား အကူအညီ တောင်းရပေတော့သည်။

ယင်းသို့ အိန္ဒိယနိုင်ငံမှ မိတ်ဆွေများ၏ အကူအညီဖြင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စာအုပ်များ၊အပြင် တမိလ် ဘာသာ၊ ဟင်ဒီသက်ရိုက်ဘာသာ စာပေတို့နှင့် ရေးသားသော ကာလီဒါသနှင့် ဆိုင်ရာ စာအုပ်တို့ကို တွေ့သမျှ သိမ်းကျုံး၍ ဝယ်နိုင်ရုံမျှမကဘဲ နောက်ထပ် ရှာဖွေ တင်ပို့ပေးရန်ကိုလည်း မှာကြားခဲ့ပေသေးသည်။

အိန္ဒိယနိုင်ငံက မိတ်ဆွေများနှင့် ဆွေးနွေးရာ၌ ပိုမိုသိရှိခဲ့ရသော ဗဟုသုတကား (၁) မေယသုတ၊ သကုဏ္ဍာလ အစရှိသော ကဗျာစပေနှင့် ပြဇာတ် အကျော်အမော်တို့ကို ရေးသားသည် ကာလီဒါသသည်သာလျှင် အိန္ဒိယပြည်၏ ဂုဏ်ယူ၍ မဝရိသော ကာလီဒါသ ဖြစ်ကြောင်း၊ (၂) အခြားသော ကာလီဒါသတွဲ့ အမည်ခံ ပညာရှိများလည်း နောင်းအခါ၌ ပေါ်ပေါက်ခဲ့ဖူးကြောင်း တို့ပင် ဖြစ်ပေသည်။

ထိုထိုသော မိတ်ဆွေကြီးတို့၏ထံမှ ဗဟုသုတကို နာခဲမှတ်သားရပြန်သောအခါ ကာလီဒါသ ဟူသော အမည်ပါလျှင် မည်သည့်တကိုမဆို ရှာဖွေနေဆောင်းမှ ဖြစ်တော့မည် ဟူ၍လည်း အကြံရလာပြီးလျှင် ထိုထိုသော စာပေတို့ကို မှီရင်းမယူကံ့ကော် မြန်မာဘာသာသို့ ပြန်ဆိုကာ စာတင်ရှိထားခဲ့ရလျှင် နောင်လာ နောက်သားတို့အဖို့ များစွာ တန်ဖိုးကြီးမိမည် ဟူ၍လည်းကောင်း တွေးမိပြန်လေသည်။ ထိုရောက်ပြီး ဟင်ဒီဘာသာစာအုပ် အမြောက်အမြားကို အဘိဓာန်နှင့် ဆေးကျမ်းပါကျေန် ဝယ်ယူခဲ့ရပြန် လေသည်။

သို့နှင့် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့ကြပြီးလျှင် ၁၉၆၀ ခုနှစ်၊ မတ်လလောက်တွင် အိန္ဒိယပြည်မှ နောက်ထပ် တင်ပို့လိုက်သော မခွတာ ဘယ်ရီထံမှ စာအုပ်များနှင့် မခွတာ ဆန်ကရာနာရယနမ်ထံမှ စာအုပ်တို့လည်း ရောက်ရှိလာကြပြန် လေသည်။ ထိုအတောအတွင်းမှာပင် အင်္ဂလိပ်ဘာသာသက်ဖြင့် ရေးသားသော ကာလီဒါသနှင့် စပ်လျဉ်းသမျှ စာအုပ်တို့ကို ယခု ယဉ်ကျေးမှု ညွှန်ကြားရေးဝန် ဦးသန်းထွဋ်၏ အကူအညီဖြင့် နိုင်ငံတော် စာကြည့်တိုက်မှ ငှားရမ်းကူးယူခြင်း၊ ဖတ်ရှုလေ့လာခြင်း များ ပြုလုပ်ခဲ့ရပေသည်။

စာရေးသူကား ဟင်ဒီဘာသာ သက်ရိုက် စာပေတို့ကို တတ်ကျွမ်းသူ မဟုတ်ပါ။ အမျိုးသား စာပေနှိပ်တိုက်တွင် ရှိသော ပါဠိဆရာကြီး သိရိပလရ ဓမ္မာစရိယ ဦးတင်ဦးအား ဟင်ဒီနှင့် သက်ရိုက် စာပေများကို မြန်မာလို အတိအကျ ပြန်ဆိုစေရပေသည်။ ထိုနောင်မှ စာရေးသူက သင့်လျော်အောင် အစီအစဉ် ပြုလုပ်၍ စကားပြေပြင့် ပြန်လည်ရေးသားပေသည်။

ကာလီဒါသနှင့် ပတ်သက်သော စာပေတို့ကို ယင်းသို့ မြေနောက်ရှာမြေထောအခါ ယခင်က အိန္ဒိယမိတ်ဆွေများ ပြောခဲ့

သည့်အတိုင်း ကာလီဒါသ အမည်ဖြင့် ထင်ရှားကျော်စောခဲ့သော ပညာရှိသုခမိန် သုံးယောက်တိတိ တွေ့ရှိနေပေတော့သည်။ သို့ရာတွင် ထိုကာလီဒါသတို့သည် တစ်ဦးနှင့်တစ်ဦး နှစ်ပေါင်း ၅၀၀ ကျော်မျှ ကွာခြားချေ ပေါ်ထွက်ခဲ့ကြလေသည်။ ၎င်းတို့ကား-

(၁) ခရစ်နှစ် ၅ ရာစုနှစ်အတွင်း ပါဠလိပုတ်ပြည်မှ ဥဇ္ဇေနီပြည်သို့ ပြောင်းရွှေ့ နန်းစံတော်မှခဲ့သော စန္ဒဂုတ္တခေါ် ဝိက္ကမဒိတျ မင်းတရားကြီး (၃၈၀-၄၁၃) လက်ထက်၌ နဝရတနာမဟု ထင်ရှားသော ပညာရှိ ၉ ယောက်အနက် သကုဏ္ဍာလ အစ ရှိသော ကဗျာကျော် စာပေတို့ကို ရေးသားသော မှလ ကာလီဒါသ (ဤကာလီဒါသနှင့် ပတ်သက်၍ စုနှစ်သဏ္ဌာရာဇ် အင်ြင်းအနဲ့ ရှိရာ ရှင်းလင်းချက်ကို များမကြာမီ ပုံနှိပ်ထုတ်ဝေတော့မည့် ကာလီဒါသ အတ္တုပ္ပတ္တိ စာအုပ်တွင် ဖော်ပြပေအုံ)။

(၂) ခရစ်နှစ် ၁၁ ရာစုနှစ်များအတွင်း မာလဝါကုန်းပြင် (ယခု ဘုံဘိုင်နယ်နှင့် ရာဇပုတ္တနယ်စပ်) အရပ်များ၌ မနှုပြည်၊ ဓာရာပြည်နှင့် ဥဇ္ဇေနီပြည် တည်းဟူသော ပြည်ထောင် ၃ ခုကို ဓာရာတိုင်းဟု သမုတ်၍ ထီးနန်းအုပ်ချုပ် မင်းလုပ်ခဲ့သော ဘောဇ ဘုရင်မင်းမြတ်၏ လက်ထက်၌ ထင်ရှားကျော်စောသည့် ကာလီဒါသ။

(၃) ခရစ်နှစ် ၁၈ ရာစုနှစ် စောလေပိုင်းလောက်တွင် အာဂရာဖြို့၌ စိုးစံသော သြရာမ်ဓစ်ဘုရင်၏ မြေးတော် အတ္ထဘာ မင်းကြီး လက်ထက်၌ ထင်ရှားကျော်စောခဲ့သော ကာလီဒါသတွဲ့ခံ တွလီဆီဒတ်စ်တို့ ဖြစ်ပေသည်။

ကျမ်းအရာဆုနှင့် ရာဝင်ဝယိုင်း အစောင်စောင်တို့ကို နိုင်ငယ်ဥာဏ်ဝေနှင့်သည် ရှိသော် ထိုပညာရှိ ၃ ဦးအနက် သကုဏ္ဍာလ အစရှိသော ကဗျာ၊ လက်ပါ ပြဇာတ် အကျော်အမော်တို့ကို ရေးသားသော ကာလီဒါသသည် ခရစ်သက္ကရာဇ် ၅ ရာစုနှစ်အတွင်း၌ ထီးနန်းစိုးစံတော်မူသော ဝိက္ကမာဒိတျ မင်းတရားကြီး လက်ထက်၌ ထင်ရှားကျော်စောသည် ပညာရှိကြီး ကာလီဒါသပင် ဖြစ် သည်ကို အထောက်အထား အလုံအလောက် တွေ့ရှိထားရသဖြင့် ထိုပညာရှိကြီး၏ အတ္ထုပ္ပတ္တိကို "ကာလီဒါသ အတ္ထုပ္ပတ္တိနှင့် သူ၏ ကဗျာ စာပေများ" ခေါ် စာအုပ်ကို ပုံနှိပ် ဖြန့်ချိရန်အတွက် စာအုပ် ထုတ်ဝေသူတို့အဖို့ တွန့်ဆုတ်ကာ မပုံမရဖြစ်၍ ချင်ဖွယ်နိုင်ငံ၊ ဆနေရသည့်အမှတ် ပတ်သူတို့ကို ဘဝင် ရွေ့ စေရည် ရယာနိုးကြောက်၊ မင်းကြိုက်၊ လူကြီးကြိုက်၊ လူငယ်ကြိုက်၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီမိုင်ဟု ခေါ်ဆိုလောက်သော စာ တစ်အုပ်ကို ရုတ်တရက် သတိရခဲ့လေသည်။

ထိုစာအုပ်ကား၊ ယခု တင်ပြအပ်သော ဘောဇ ဘုရင် လက်ထက်က ဖြစ်ပျက်ခဲ့ဖူးသည့် ကာလီဒါသ၏ အကြောင်းအရာ ပြသနာပေါင်းစုံတို့ကို ခွဲစိတ်ပေါင်းချုပ်၍ ရေးသားထုတ်ဝေလိုက်ရသော "ကာလီဒါသ လျှောက်ထုံး" ပင် ဖြစ်ပေသည်။

ဤစာအုပ်တို့ ရေးသားပြုစုရာ၌ အကိုးအကား အထောက်အထား ယူခဲ့ရသော စာအုပ်များမှာ -

အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော စာအုပ်များ

1. Tales from Kalidasa by S. K. Surveyor.
2. Kalidasa by Sri Aurobindo.
3. Kumarasambhawam by S. R. Sehgal M. A., Ph.D..
4. Shakuntala and other writings of Kalidasa by Ernest Rhys, Editor of Every man's library.
5. History of Sanskarit Literature by S. N. Dasgupta, C.I.E, M.A., Ph.D..,
6. History of India by N. K. Sinha, M. A., Ph.D., and C. Banerjee, M.A., Ph.D.,
7. India. (A Hand-book of Travel) by P. B. Roy.
8. Ceylon and India History by L. H. Perera B. A. (Hon.) and M. Ratnasabapathy B. A. (Hon.)
9. Kalidasa by Walter Ruben,

ဟင်ဒီဘာသာရိုက်ဘာသာဖြင့် ရေးသားသော စာအုပ်များ

၁၀။ ကာလီဒါသ အတ္တုပ္ပတ္တိနှင့် သူ၏ အနုစာပေများ
by J. K. Choudury, I.E.S.

၁၁။ ဘောဇရင်နှင့် ကာလီဒါသ
by B. S. Chandra

၁၂။ ဘောဇ ကာလီဒါသ
by Professor Pandit. A. Prasad.

၁၃။ ဟင်ဒီကဗျာယဉ် ရေးသူ ရာဟုလာသင်္ကိတ္ယဉ်း။

၁၄။ ကာလီဒါသ၏ ကဗျာများ၊ (ဟင်ဒီဂျာနယ် မဂ္ဂဇင်းပေါင်းစုံ ကောက်နှတ်ချက်)။

၁၅။ ရဃုဝံသ
by Sri, K.M. Shatrika, M. A.

၁၆။ သကုဏ္ဍာလ ရေးသူ အမ်အေမနီယူ M. A.

၁၇။ မေယသုတ Dr. S. Chandra, M. A.

၁၈။ ကာလီဒါသ၊ သကုဏ္ဍာလ (မြန်မာလို)
ရေးသူ-ရင်ထွေနိုး။

အထက်တွင် ဆိုခဲ့သည့်အတိုင်း- ကာလီဒါသ အမည်နှင့် စပ်လျဉ်းသမျှ စာပေတို့ကို မြန်မာဘာသာဖြင့် မှတ်တမ်းတင် ခဲ့ရန် ရည်သန်ရင်း ရှိသည်အတိုင်း ဤ "ကာလီဒါသ လျှောက်ထုံး" ကိုလည်း အပြည့်အစုံ ရေးသားထုတ်ဝေရန် သန့်ရှင်း ရှုမှတ်ထားပြီးဖြစ်ရာ ဤစာစောင်သည် ပထမတွဲမျှသာ ရှိမည်ဟုသာ ယူဆပေသည်။ များမကြာမီ ဒုတိယတွဲကို ထုတ်ဝေနိုင်ရန် စီမံလျက် ရှိပါသည်။ စာရှည်သူ သုတေသီ အပေါင်းတို့သည် ဒုတိယတွဲကိုလည်း ဆက်လက်၍ ဖတ်ရှုလေ့လာကြရန် နှိုးဆော်အပ်ပါသည်။

ထိုမှတစ်ပါးလည်း အထက်၌ ဖော်ပြထားသော အကိုးအကား အထောက်အထားပြုသည့် စာအုပ်တို့အပြင် ဟင်ဒီ သက်ရိုက်နှင့်တကွ အင်္ဂလိပ်ဘာသာဖြင့် ရေးသားအပ်သော အခြားစာအုပ်များကို လည်းကောင်း၊ တမိလ်ဘာသာ ပြန်ဆိုနိုင်သူနှင့် ကြံကြိုက်ကာ ပြန်ဆိုနိုင်ရန် တမိလ်ဘာသာ စာအုပ်တို့ကိုလည်းကောင်း နောက်ထပ်စုဆောင်းလျက်ပင် ရှိနေဆဲဖြစ်၍ ဝိုးမိုပြည်ခဲ့ သော စာပေတို့ကို ဆက်ကာ ဆက်ကာ ထုတ်ဝေ ဖြန့်ချိသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဤစာအုပ်၏ နောက်ဆက်တွဲ များကို တစ်အုပ်ပြီးတစ်အုပ် အလျဉ်းသင့်သလို ထုတ်ဝေသွားခြင်းအားဖြင့် မြန်မာစာပေယနယ်ကို တိုးတက် ကျယ်ပန်းစေရန် ကြိုးပမ်းရာလည်း ရောက်ပါသည်။ ယင်းကဲ့သို့ အထမြောက်ရန်မှာ စာဖတ်ပရိသတ်၏ ဝိုင်းဝန်းအားပေးမှုအပေါ်တွင် တည်မှီရှိပါ သဖြင့် ဤစာအုပ်ကို ဖတ်ရှုလေ့လာပြီးနောက် အကောင်း အဆိုး ဝေဖန်စာများကို မေတ္တာရှေ့ထားချ၍ ပေးပို့ကြပါရန်လည်း အနုနယ်ညွှတ် ဖော်ပြလိုပါကြောင်း။

ဤစာအုပ် ဖြစ်မြောက်စေရန် အကြားအား ဥာဏ်အားဖြင့်လည်းကောင်း၊ စာအုပ်စာတမ်း ရှာဖွေစုဆောင်းခြင်းအားဖြင့် လည်းကောင်း တစ်နည်းနည်းနှင့် အကူအညီပေးခဲ့ကြသော မြန်မာနိုင်ငံတော် အစိုးရ ယဉ်ကျေးမှုဌာန ညွှန်ကြားရေးဝန် ဦးသန်းထွဋ်၊ အိန္ဒိယနိုင်ငံ မဒရပ်ဖြို့တော် ယောင်ဘုံသမိ စာအုပ်တိုက် အုပ်ချုပ်မှ ဒါရိုက်တာ လုကြီး မခွတာ ဆန်ကရာနာရယနမ်၊ ကာလ ကဗျာအပြုတော် ဒတ်ခ်ရွတ်ပတား စာအုပ်ဆိုင်ရှင် မခွတာ ဒတ်ခ်ဗွတ်ပတားနှင့် ဘရာဏသီမြို့ ဟင်ဒီပရကာတ်ရှ် စာပေနှိပ်တိုက် ပိုင်ရှင် မခွတာ ကော၊ စီ၊ ဘယ်ရီတို့အားလည်းကောင်း၊ ဟင်ဒီသကဒ္ဒဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်းအားဖြင့် နီးနီးကပ်ကပ် အကူအညီပေးလျက်ရှိသော ပါဠိဆရာ သိရိပလရ ဓမ္မာစရိယ ဦးတင်ဦးအားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ရန်ကုန်မြို့။ ၂၈-၉-၆၁။